ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၆ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်အင်ဂျင်နီယာ | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(မြို့ပြ) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၁၈ - ၉ -၂၀၁၅ နေ့တွင် အသက် ၃၅ နှစ်( ဝန်ထမ်းဖြစ်ပါကအသက် ၄၀ နှစ် )ထက်မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၈ - ၉ - ၂၀၁၅ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဥ်း၍ ဤအဖွဲ့၏ ၃ - ၃ - ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၀ / ရွေးချယ်ရေး(အမိက)၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်( ၁၇ )နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဖြစ်စေ ၁၈ - ၉ - ၂၀၁၅ ရက်နေ့အရောက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂ - ၁ -၂၀၁၆ ရက် (စနေနေ့)တွင်မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၃ - ၁ -၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၂/သို့-

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၁ - ၁၂ -၂၀၁၅ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်း အမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန် အဖွဲ့၏Websiteများဖြစ်သော ucsb.imis.com.mmနှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။